စိတ်ကူးချိုချိုအနုပညာ

# ကြိုက်သလောက်ဖတ်
# ကြိုက်သလောက်ရယ်

ရဲစတိုင်း



**တစ်မဲတည်းရယ်**

နေမကောင်းဖြစ်၍ ဆေးရုံသို့ တက်ရောက်ကုသနေရသော ဟော်လန်ပါလီမန်အမတ်ထံ ကြေးနန်းတစ်စောင် ရောက်ရှိလာသည့် ကြေးနန်းစာမှာ ဤသို့ဖြစ်သည် ။

"လူကြီးမင်း အမြန်ဆုံးကျန်းမာလာစေရန် ပါလီမန်မှ ဆုတောင်းလိုက်ပါသည် ။ ထောက်ခံမဲ- ၁၇၀၊ ကန့်ကွက်မဲ-၁၆၉"



***

## အကောင်းမြင်၊ အဆိုးမြင်

အကောင်းမြင်သမားနှင့် အဆိုးမြင်သမားတို့ အနာဂတ်နှင့် ပတ်သက်၍ ဆွေးနွေးကြသည် ။ ရှေ့ အလားအလာ လုံးဝမကောင်းဟု နှစ်

ယောက်စလုံး သဘောညီကြသည်။ အကောင်းမြင်သမားက ပြောသည်။

"ဒီလိုငွေဖောင်းပွမှုနှုန်းနဲ့ ဆိုရင် မကြာခင် တောင်းစားကြရလိမ့်မယ်"

အဆိုးမြင်သမားက အံ့ဩစွာ ပြန်မေးသည်။

"တောင်းစားရမယ် ဟုတ်လား၊ ဘယ်သူ့ဆီကတုံး"

***



## ချောင်းဆိုးချင်တာ လာပြောတယ်

ချောင်းဆိုးနေသော လူငယ်တစ်ယောက်သည် သူချစ်နေသော မိန်း

ကလေးတစ်ယောက်တည်း ဈေးမှ ပြန်လာသည် ကို တွေ့လိုက်ရသဖြင့် လွတ်လွတ်လပ်လပ်ရှိတုန်း ချစ်ရေးဆိုရန် မိန်းကလေးနားသို့ အပြေး ရောက်သွားခဲ့သည် ။

"အဟွတ်...အဟွတ် ဈေးက ပြန်လာတာလား အဟွတ်...အဟွတ်"

"ဟုတ်ပါတယ်။ ပြောစရာရှိလို့ လား"

"ရှိ...ရှိပါတယ်။ အဟွတ်...အဟွတ်"

"ရှိရင်ပြောလေ"

"ဟိုလေ အဟွတ်...အဟွတ် အချစ်နဲ့ ချောင်းဆိုးရောဂါသည် ဖုံးကွယ်လို့ မရဘူးဆိုတဲ့ စကားရှိ တယ်လေ အဟွတ်...အဟွတ်"


"အဲဒီတော့"

"အဟွတ် ... အဟွတ်... အဟွတ်။ (လူငယ်က စကား ပြန်မပြောနိုင်ဘဲ ချောင်းအဆက်မပြတ် ဆိုးနေသဖြင့်)

"ဩော်... သိပြီ ...သိပြီ ချောင်းဆိုးတဲ့ အကြောင်းပြောချင်တာကိုး။ လွတ်လွတ်လပ်လပ်သာ ဆိုးပါ အားမနာပါနဲ့ ။ ကျွန်မ ရှောင်ပေးပါ့မယ် ...သွားမယ်နော်"

"အဟွတ်...အဟွတ်...တောက်...အဟွတ်...အဟွတ်"

***



## ကိုတိကျ

နေရာတကာ တိကျလွန်းသော ကိုတိကျတစ်ယောက် ဆံပင်ညှပ်ဆိုင်ထဲသို့ သူ၏ ရှည်နေသော ဆံပင်ညှပ်ရန် ဝင်သွားခဲ့သည် ။

"ခေါင်းညှပ်မလို့ လား ဆရာ"


"ခေါင်းညှပ်ရင် ခေါင်းပြတ်သွားမှာ ပေါ့။ ငါက ဆံပင်ညှပ်မှာ ကွ။ စကားဆိုတာ တိတိကျကျ မေးရ၊ ပြောရတယ်"

"ကောင်းပါပြီ ခင်ဗျာ။ ဒါနဲ့ ဆရာ့နှုတ်ခမ်းပေါ်က နှုတ်ခမ်းမွေးတွေကော ရိတ်ပေးရပါမလား"

"ရိတ်မယ်ကွာ"

"ဘယ်နှပင် ရိတ်ပေးရပါမလဲ ခင်ဗျာ"

***



**အဝတ်အစားပြောင်းကြစို့**

ယောကျ်ားလေး နှစ်ယောက် မိန်းကလေးများ အဝတ်အထည် ဝတ်ဆင်ပုံကို လှေ့လာရင်း စကား ပြော နေကြသည် ။

"တို့ ယောကျ်ားလေးတွေဆိုတာ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး လိုက်လျော ညီထွေ ဝတ်ပေးရတယ်"

"ဟုတ်တယ်လေ။ ဒါမှ လည်း သူတို့ အလှ ပိုပေါ်သွားတာပေ့ါ"

"မိန်းကလေးတွေ ရင်ဖုံးအင်္ကျီ လက်ရှည်၊ ထဘီပတ်တဲ့ အချိန်မှာ တို့ယောကျ်ားလေးတွေက အင်္ကျီလည်ကတုံးတို့ ၊ ပုဆိုးတို့ ဝတ်ပေးရတယ် "

"ဟုတ်တယ်။ ဒါမှ ကြည့်လို့ ကောင်းမှာ ပေ့ါ"

"မိန်းကလေးတွေ စကတ်အရှည်တွေ၊ ဂါဝန်တွေ၊ ထဘီအကွဲတွေ ဝတ်တဲ့ အချိန်မှာ တို့ ယောကျ်ား လေးတွေက စပို့ရှပ်တွေ၊ တီရှပ်တွေ၊ ဘောင်းဘီရှည်တွေ ဝတ်ပေးရတယ်"

"ဒါမှ လည်း ရှေ့သွား နောက်လိုက် ညီမှာ လေကွာ"

"အခု မိန်းကလေးတွေက ချိုင်းပြတ်၊ လည်ဟိုက်၊ ခါးတိုအင်္ကျီတွေနဲ့ တစ်တောင်လောက်ရှိတဲ့ အသားကပ် ဘောင်းဘီတိုတိုလေးတွေ ဝတ်နေကြပြီ တို့ ယောကျ်ားလေးတွေ သူတို့ နဲ့ လိုက်ဖက်ညီအောင် ဘယ်လို ဝတ်ကြမလဲ"

"ကာယဗလမောင်တွေကို ဝတ်ကြတာပေ့ါကွာ"

***

## ကုသိုလ်ရတဲ့ သူခိုး

မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်း နှစ်ယောက် တစ်နေရာတွင် မထင်မှတ်ဘဲ ပြန်လည် ဆုံတွေ့ကြရာ တစ်ယောက်က မေးလိုက်သည် ။

"ငါတို့ မတွေ့တာတောင်ကြာပြီ၊ မင်းနေကောင်းရဲ့ လား"

"ကောင်းပါတယ်ကွာ၊ မင်းရော အဆင်ပြေရဲ့ လား"

"အဆင်ပြေပါတယ်၊ ဒါနဲ့ မင်းအခု ဘာလုပ်နေသလဲ"

"ခိုးတဲ့ အလုပ် လုပ်နေတယ်ကွ"

"ဟာကွာ၊ မင်းအလုပ်က မနိပ်သေးပါဘူး၊ ခိုးတဲ့ အလုပ်ဆိုတာ ကောင်းတဲ့ အလုပ်မှ မဟုတ်တာ၊ အခြားအလုပ် ပြောင်းလုပ်စမ်းပါ"

"ငါက ခိုးရတာ ဝါသနာပါလို့ ပါကွာ"

"မလုပ်ပါနဲ့ ကွာ၊ ခိုးတယ်ဆိုတာ ဘုရားလည်း မကြိုက်ဘူး၊ နတ်လည်း မကြိုက်ဘူး။ လူတွေလည်း မကြိုက်ဘူး၊ မိသွားရင်လည်း မသက်သာဘူး"

"ငါခိုးတာက ကုသိုလ်ရပါတယ်ကွာ"

"ကြံကြံဖန်ဖန်ကွာ၊ ခိုးတာ ကုသိုလ်ရတယ်လို့ မကြားဖူးပါဘူး"

"ငါက မိန်းမ ခိုးတာလေကွာ။ သူငယ်ချင်းတွေ မိန်းမ သွားခိုးမယ်ဆိုရင် ငါက လိုက်ခိုးပေးတယ်။ ငါခိုးပေးလို့ ချစ်သူတွေ ပေါင်းကြရတော့ ငါ ကုသိုလ်ရတာပေါ့"



***



### အရက် တကယ်ပြတ်တာပါ

အရက်ပြတ်သွားပြီဟု သတင်းကြီးနေသော လူနှင့် ထိုသတင်းကို မယုံသူတို့ လမ်းတွင် ဆုံတွေ့ ကြစဉ် မေးလိုက်သည်။

"ခင်ဗျား အရက်ပြတ်သွားပြီဆိုတာ တကယ်လား"

"ဟုတ်ပါတယ်၊ တကယ်ပြတ်သွားတာပါ"

"နှစ်ပေါင်းများ စွာ အရက်ကို ခေါင်းစိုက်အောင် သောက်ခဲ့ပြီးမှ ပြတ်သွားတယ်ဆိုတာ အံ့သြစရာပဲ၊ ကျွန်တော် ယုံတောင် မယုံပါဘူး"

"အခုကိုယ်တွေ့တွေ့ပြီပဲ၊ ယုံလိုက်ပါ"

"ဒါနဲ့ ခင်ဗျားဘာလို့ အရက်ဖြတ်လိုက်တာလဲ"

"ကျွန်တော် သောက်နေကျ အရက်ဆိုင်က ကျွန်တော့်ကို အကြွေးမရောင်းတော့လို့ ပါ"

***

## ဒါ စားချင်ရင် စောင့်ပါ

လူကြီးတစ်ယောက် နံနက်စောစောစာ မုန့်ပဲသရေစာစားရန် လက်ဖက်ရည်နှင့် စားသောက်စရာများ တွဲရောင်းသည့် စားဖွယ်စုံဆိုင်သို့ဝင်၍ လွတ်နေသော စားပွဲတွင် ထိုင်လိုက်သည် ။

"ဘာစားမလဲ၊ ဘာသောက်မလဲဆရာ"

"လက်ဖက်ရည်တစ်ခွက်ပေးကွာ၊ စားစရာ ဘာရမလဲ"

"ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ခေါက်ဆွဲသုပ်၊ နန်းကြီးသုပ်၊ ပေါက်စီ၊ အီကြာကွေး၊ နံပြား"

"တော်ပါတော့ကွာ၊ မင်းပြောနေတာ မောလိုက်တာ၊ ထမင်းကြော်ပဲ ပေး"


"ထမင်းကြော်က ဘယ်လို ထမင်းကြော်မျိုး စားမှာ လဲဆရာ၊ မြန်မာထမင်းကြော်၊ ပသျှူးထမင်းကြော်၊ မလေးရှားထမင်းကြော်၊ စင်ကာပူထမင်းကြော်၊ အမေရိကန်ထမင်းကြော်၊ ဂျပန် ထမင်းကြော်"

"ကြာတယ်ကွာ၊ ဆီးရီးယားထမင်းကြော်ပဲ ပေးတော့"

"ဆီးရီးယား ထမင်းကြော်က မရသေးဘူး ဆရာ၊ စစ်ပွဲပြီးသွားမှ ရမ

ယ် ဆရာ၊ စားဖို့မှုး လောင်းလျာက စစ်တိုက်နေရာက ပြန်မရောက် သေးလို့ "

***




မူးတာက သူ

"ဟော့ကောင်၊ မင်း မျက်နှာလည်း မကောင်းပါလား"

"မိန်းမက ပွစိပွစိ လုပ်လွှတ်လိုက်လို့ ပါကွာ"

"ဘာကြောင့် လဲကွ ပြောပြစမ်းပါဦး"

"အရက်ကြောင့် ပေါ့ကွာ။ ငါ့အဖြစ်က ကံကိုဆိုးပါတယ်"

"ယောကျ်ားအရက်သောက်လို့ မိန်းမဆူတာ မဆန်းပါဘူးကွာ။ လူတိုင်းကြုံဖူးတဲ့ ကိစ္စပဲ။ မင်းကျမှ ရွေးပြီး ကံဆိုးတာ မဟုတ်ပါဘူးကွ"

"မင်းဘာသိလို့ ။ အခုဟာက ငါအရက်သောက်လို့ သူ ဆူတာမဟုတ်ဘဲ သူအရက်သောက်ပြီး ငါ့ကို ဆူဆဲလွှတ်လိုက်တာကွ"

***



## စားထားနှင့် လိုက်

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အလွန်စိတ်တို နေကြသည်။ ယောက်ျားဖြစ် သူသည် အလုပ်မှ အိမ်သို့ နေ့စဉ် အလယ် စာ ပြန်စားလေ့ရှိသည်။ အလယ်သို့ရောက်သောအခါ ယောက်ျားဖြစ်သူ က အလုပ်မှ နေ၍ မိန်းမဖြစ်သူဆီကို ဖုန်းဆက်ကာ မေးသည်။

"ဒီနေ့ ဘာဟင်းလဲဟေ့"

"အဆိပ်"

"အေး...ကောင်းတယ်။ မင်း ငါ့ကို ထမင်းစား စောင့်မနေနဲ့ တော့။ အရင်စားထားနှင့် လိုက်"

***



**အဖတ်တင်နေသူ**

လက်ဖက်ရည်ဆိုင်တွင် ဝိုင်းဖွဲ့ စကားပြောနေ၏။ ထိုလူများ ထဲတွင်

စကားပြောလျှင် ဥပမာများ ၊ သာဓကများ ဖြင့် ပြောတတ်သော လူတစ်ယောက်ပါဝင်နေ၏။

"ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့ နေရာမှာ စိန်ခေါ်မှုတွေ အနည်းနဲ့ အများ တော့ ရှိမှာ ပဲ"

"ဟုတ်တယ်၊ စိန်ခေါ်မှုတွေကို တုန်လှုပ်ပြီး နောက်ပြန်လှည့်နေဖို့ မလိုဘူး။ ဆုံးဖြတ်ပြီးရင် တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်ဖြေရှင်းရမှာ ပဲ"

"အဲဒီစကားတွေကို ကျွန်တော် ထောက်ခံတယ်။ အခြားသူတွေ မကြည့်နဲ့ ကျွန်တော့်ကိုပဲ ကြည့်၊ ကျွန်တော် ပထမ မိန်းမနဲ့ မကွဲမီ နောက်ယူမယ့် မိန်းမနဲ့ တွဲနေတာ။ ပထမမိန်းမလည်း သိသွားရော ဘာပြောကောင်းမလဲ။ ပထမ မိန်းမရော၊ သူ့ညီကို မောင်နှမဆွေမျိုးတွေပါ ကျွန်တော့်ကို ရိုက်မယ် ပုတ်မယ်တဲ့ စိန်ခေါ်လိုက်ကြတာ။ ကျွန်တော်လည်း ဖြစ်ချင်ရာဖြစ် တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုပြီး တွဲနေတဲ့ နောက်မိန်းမကိုလည်း ထပ်ယူလိုက်ရော၊ မကြာမီမှာ ပဲ စိန်ခေါ်တဲ့ အသံတွေ ပျောက်သွားတယ်၊ ကျွန်တော်လည်း မိန်းမနှစ်ယောက် အဖတ်တင်သွားတယ် ဆိုပါတော့ ဟဲ...ဟဲ...ဟဲ"

***

## ဆုတောင်းစရာ မလိုပါ

"ဆမ်...ငါ့ကို အမှန်အတိုင်းပြောစမ်း။ မင်းဟာ ထမင်းမစားခင်မှာ ဆုတောင်းလား...မတောင်း ဘူးလား"

"ဆုတောင်းဖို့ မလိုပါဘူး ဖာသာ။ ကျွန်တော့်အမေက ဟင်းချက်

ကောင်းပါတယ်"

***



## တိုက်ဆိုင်မှု

"ကဲ တစ်ထပ်တည်းကျတဲ့ တိုက်ဆိုင်မှုတစ်ခုခုကို နမူနာ ပြောပြစမ်းပါကွယ်"

"ကျွန်တော့်အဖေနဲ့ အမေဟာ တစ်ချိန်တည်း တစ်နေရာတည်းမှာ မင်္ဂလာဆောင်ခဲ့ပါတယ် ဆရာမ"

***

## ပုဆိန်တန်ခိုး

ကျော့ချ်ဝါရှင်တန်ဟာ ခွင့်ပြုချက်မရဘဲ သူ့အဖေသိပ်နှစ်သက်တဲ့ ချယ်ရီပင်လေးကို ပုဆိန်နဲ့ ခုတ်လှဲပစ်လိုက်တယ်။ ဒါပေမဲ့ သူ့အဖေက သူ့ကို အပြစ်မပေးခဲ့ဘူး။ အဲဒါ ဘာကြောင့် လဲဆိုတာ ဘယ်သူသိလဲ"

"သူ့လက်ထဲမှာ ပုဆိန် ကိုင်ထားဆဲဖြစ်လို့ ပါ ဆရာ"

***



မျိုးရိုးကြောင့် ပါ

"ဆမ် မင်းဟာ တော်တော်ကို စကားများ ပါလား"

"ကျွန်တော်တို့ မျိုးရိုးက စကားများ တဲ့ မျိုးရိုးမို့ပါ"

"ပြောစမ်းပါဦး မင်းတို့ မျိုးရိုးက ဘာတွေမို့လဲ"

"ကျွန်တော့်အဘိုးက နိုင်ငံရေးတရားဟောတဲ့ သူ၊ ကျွန်တော့်အဖေကတော့ ကျောင်းဆရာ"

"မင်းအမေကရော"

"ကျွန်တော့်အမေက မိန်းမတစ်ယောက်ဖြစ်လို့ ပါ"

***

## တစ်ယောက်သောသူအတွက်

"အချစ်နဲ့ ဆိုင်တဲ့ ပို့စကတ်လေးတွေ လိုချင်လို့ ပါ"

"ဒီ ကတ်ကလေးဆိုရင်ရော၊ ဒီမှာ ရေးထားတာလေး အရမ်းမိုက်တယ်၊ အမြဲတမ်းချစ်ရတဲ့ တစ်ယောက်တည်းသူအတွက်တဲ့ "

"ဒါဆို ကျွန်မကို အဲဒီကတ်(၁၁)ခု ပေးပါ"

***



**ဆုတောင်း**

အသက်(၆၀)အရွယ် ဇနီးမောင်နှံ(၂)ဦးသည် သူတို့ ၏ အနှစ်(၄၀)ပြည့် မင်္ဂလာအခမ်းအနားကို အိမ်မှာ ပင် တိတ်တဆိတ် ကျင်းပပြုလုပ်ကြသည် ။ တစ်ဦးနှင့် တစ်ဦး ငယ်မူပြန်ကာ ချစ်စကားများ ပြောခြင်း၊ အပြန်အလှန် ယုယုယယနမ်းခြင်းများ ပြုလုပ်လျက်ရှိကြသည် ။ သူတို့ ၏ အတိတ်ကာလများက ပျော်ရွှင်ဖွယ်ရာနေ့ရက်များ အကြောင်းကို ပြန်ပြောင်းပြောဆိုနေကြသည် ။ သေချာသည် ကတော့ နှစ်ဦးစလုံး၏

မျက်လုံးများ တွင် ကြည်နူးပျော်ရွှင်ရိပ်များ နှင့် ပြည့်နှက်နေခြင်းပင်။ သူတို့ နှစ်ဦး၏ ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်ကြီးများ ပုံကို သဘောကျလွန်းသည့် အတွက် အချစ်နတ်သမီးသည် ကိုယ် ထင်ပြလေသည် ။ ထို့နောက် သူတို့ နှစ်ဦးကို နှစ်သက်ရာတစ်ခုစီတောင်းရန် ပြောဆိုလိုက်သည် ။ အဘွားအိုက စတင်ပြောသည် ။

"ခင်ပွန်းဖြစ်သူနှင့် အတူ ကမ္ဘာတစ်ပတ် ခရီးထွက်ချင်ပါတယ်"

ချက်ချင်းဆိုသလိုပင် အဘွားအို၏ လက်အတွင်းသို့ ပင်လယ်ကမ်းခြေခရီးစဉ် လေယာဉ် လက်မှတ်များ ရောက်ရှိလာသည် ။ အဘိုးအို၏ အလှည့်ဖြစ်သည် ။

"ကျွန်တော့်ထက် အသက်(၃၀)လောက်ငယ်တဲ့ အမျိုးသမီးအဖော်တစ်ဦးကို လိုချင်ပါတယ်"

ချက်ချင်းဆိုသလိုပင် အဘိုးအိုသည် အသက်(၉၀)အရွယ် ဖြစ်သွားလေသည် ။

***

## ဒီဆုတော့ မပြည့်ပါစေနဲ့

အရှင်ဘုရား၊ တပည့်တော်မရဲ့ ခင်ပွန်းဖြစ်သူကို နားလည်နိုင်ဖို့ အတွက် အသိဉာဏ်ပညာများ ပေးသနားတော်မူပါ။

သူ့ကို နားလည်နိုင်ဖို့ အတွက် တပည့်တော်မကို ချစ်ခြင်းမေတ္တာတွေ ပေးသနားတော်မူပါ။ သူ့ရဲ့ အကျင့်စရိုက်တွေအတွက် တပည့်တော်မကို သည့် ခံခွင့်လွှတ်စိတ်တွေ ပေးသနားတော်မူပါ။ ဒါပေမဲ့ တပည့်တော်မကို ခွန်အားတွေ ပေးသနားတော်မူဖို့ ဆုမတောင်းလိုတော့ပါ။ ဘာကြော

ငဲ့ လဲဆိုတော့ သူ့ကို သေအောင် ရိုက်သတ်မိမှာ စိုးလို့ ပါဘုရား။

***



## သူ နားမလည်ရင် ခက်မယ်

"ကျွန်မ ခွေးကို မကြောက်ပါနဲ့ ရှင်၊ ဟောင်တဲ့ ခွေးတွေဟာ မကိုက်တတ်ဘူးဆိုတဲ့ စကားပုံကို ရှင် မသိဘူးလား"

"အဲဒီစကားပုံကိုတော့ ကျွန်မ သိတာပေါ့ရှင်၊ ဒါပေမဲ့ ရှင့်ခွေးက အဲဒါကို သိ-မသိဆိုတာ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ"

***

## အဆင့် ၃ ဆင့်


ကျွန်တော်တို့ လူသားတွေရဲ့ ဘဝဟာ အဆင့်(၃)ဆင့်နဲ့ တည်ဆောက်ထားပါသတဲ့ ။

ဆယ်ကျော်သက်အရွယ် (အချိန်ရှိတယ်) + (ခွန်အားရှိတယ်) (ဒါပေမဲ့ ပိုက်ဆံမရှိဘူး)

အလုပ်လုပ်တဲ့ အရွယ် (ပိုက်ဆံရှိတယ်) + (ခွန်အားရှိတယ်) (ဒါပေမဲ့ အချိန်မရှိဘူး)

လူကြီးပိုင်းအရွယ် (ပိုက်ဆံရှိတယ်) + (အချိန်ရှိတယ်) (ဒါပေမဲ့ ခွန်အားမရှိတော့ဘူး)

***



**ဖြစ်နိုင်ပါ့မလား**

ကလေးငယ်တစ်ဦးသည် စတိုးဆိုင်ထဲမှ ထွက်လာမည့် မိခင်ဖြစ်သူကို လမ်းပေါ်၌ စောင့်ဆိုင်း နေလေသည်။ ထိုအချိန်တွင် လူတစ်ဦးရောက် လာပြီး ကလေးငယ်အား မေးမြန်းသည်။

"ဖိုးသားရေ၊ စာတိုက်ကို ဘယ်လိုသွားရမလဲဆိုတာ ပြောပြနိုင်မလားကွ"

"ဟုတ်ကဲ့၊ ဒီကနေ တည့်တည့်သွားပြီး လေးလမ်းကျော်ရောက်ရင် ညာဘက်ကို ချိုးလိုက်ပါ၊ စာတိုက်ကို ရောက်ပါလိမ့်မယ်"

မေးသည့် လူသည် အရမ်းကျေးဇူးတင်သွားပြီး ကလေးငယ်အား ပြောလိုက်သည် ။

"ဦးက ဒီမြို့ကိုပြောင်းလာတဲ့ သင်းအုပ်ဆရာအသစ်ပါ။ ဒီအပတ် တနင်္ဂနွေနေ့ကျရင် ဘုရားရှိခိုး ကျောင်းကို လာခဲ့လေ။ ကောင်းကင်ဘုံကို ရောက်နိုင်တဲ့ သားကို ပြောပြမယ်"

ကလေးငယ်သည် အံ့သြတကြီးဖြင့် ပြန်ကြည့်လျက် ထိုသူအား ပြန်မေးလေသည် ။

"သချာရဲ့ လားဗျ၊ ဦးလေးက ဒီမြို့မှာ ရှိတဲ့ စာတိုက်ကိုတောင် ဘယ်လိုသွားရမှန်း မသိတဲ့ ဟာပဲ"

***



## လူလည်မို့

တောသားတစ်ယောက်ဟာ မြို့ပေါ်က ဘုရားပွဲကို သွားလည်ပါတယ်။ သူ့စိတ်ထဲမှာ တွေးထားတာက သူ့ကို တောသားလို့ မထင်ခံရအောင် နေမယ်ပေါ့။ ဘာဖြစ်လို့ လဲဆိုတော့ သူ့ရွာလေးမှာ က သူက လူတွင်ကျယ်ကိုး။ တစ်မျိုးပြောရရင် လူလည်ကြီးပေါ့ဗျာ။ မြို့နဲ့ သွားရေး လာရေးက ခြေလျင် လျှောက်ရတာပေါ့။ မိုးကလည်း ချုပ်နေတာဆိုတော့ သဲသဲကွဲကွဲ မမြင်ရဘူးလေ။ အဲဒါနဲ့ မြို့ထဲက ပွဲခင်းနားရောက်ခါနီးမှာ ရွံ့လိုလို ဘာလိုလို ဟာလေးတစ်ခု သူနင်းမိမလို ဖြစ်သွားတယ်။ ဒါနဲ့ သူ

က အမလေးလေး၊ တော်သေးလို့ နင်းမိတော့မလို့ ဆိုပြီး လက်နဲ့ တို့ ပြီး နမ်းကြည့်လိုက်တော့ ရွံ့လိုလို၊ ချေးလိုလို ဖြစ်နေတာနဲ့ လျှာနဲ့ တို့ ကြည့်လိုက်တယ်။ ဘာလဲဆိုတာ သူသိသွားတယ်။

"ချေးတွေပဲ၊ ကံကောင်းလို့ နင်းမိတော့မလို့ ၊ နို့မဟုတ်ရင် မလွယ်ဘူး။ တော်သေးတယ်။ ငါလူလည်မို့"

***